The Standard Time Daily
www.sdtimedaily.com
www.facebook.com/standardtimedaily



# (၈)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲကို ဇူလိုင် ၂၃ ရက်တွင် ကူမင်းမြို့၌ ဖွင့်လှစ်သွားမည်

(၈)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၈) ကြိမ်မြောက် တရုတ်နိုင်ငံ ကူမင်း သွင်းကုန်ထုတ်ကုန်ပစ္စည်း ကုန်စည်ပြပွဲကို ၂၀၂၄ ခုနှစ် ဇူလိုင် ၂၃ ရက်မှ ၂၈ ရက်အထိ ကူမင်းမြို့တွင် ကျင်းပသွားမည်ဖြစ်သည်။

"စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်၍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတူကြံရွယ်"ဟူသော ခေါင်းစဉ်ဖြင့် (၈)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲတွင် ပထမဆုံးအကြိမ်အဖြစ် ကုန်ပစ္စည်းအမျိုးအစားခွဲခြားထားသော အထူးပြခန်းများကို ထားရှိသွားမည်ဖြစ်ပြီး ပထမဆုံးအကြိမ်အဖြစ် ပြည်ပကုန်သွယ်ရေး စုပေါင်း ဝန်ဆောင်မှုဇုန်ကိုလည်း ထားရှိသွားမည်ဖြစ်ကာ ပြပွဲ၏ အရည်အသွေးသက်ရောက်မှုနှင့် ဈေးကွက်ပုံစံ၊ ပရော်ဖက်ရှင်နယ်ဆန်မှု အရည်အသွေးတို့ကို မြှင့်တင်သွားမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် ယခုအကြိမ် တရုတ်-တောင်အာရှကုန်စည်ပြပွဲသည် အွန်လိုင်းတွင်လည်း တစ်ပြိုင်နက် ကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားတွင် ပြခန်း ၁၅ ခု ထားရှိမည်ဖြစ်ကာ ပြသနိုင်မည့် မျက်နှာပြင်ဧရိယာသည့် ၁ ဒသမ ၅ သိန်းစတုရန်းမီတာရှိသည်။ အွန်လိုင်းတွင် အွန်လိုင်းတရုတ်-တောင်အာရှကုန်စည်ပြပွဲပလက်ဖောင်းကိုတည်ဆောက်၍ အွန်လိုင်းပြသမှု၊ အွန်လိုင်းတိုက်ရိုက်ထုတ်လွှင့်မှု၊ အွန်လိုင်းဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ယူနန်ပြည်နယ်က ကမ္ဘာတစ်ဝန်းမှ မိတ်ဆွေများအား တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ အခမ်းအနားကြီးတွင် အတူပါဝင်နိုင်ရန်၊ အနာဂတ်စီးပွားရေးအခွင့်အလမ်းများကို အတူဖော်ဆောင်ရန်၊ "ယူနန်လို့ခေါ်တဲ့ ဘဝနေထိုင်မှုတစ်မျိုးရှိတယ်" ကို အတူတကွ လက်တွေ့ခံစားနိုင်ရန် လှိုက်လှဲစွာ ဖိတ်ကြားလိုက်ရပါသည်။

ယူနန်နေ့စဉ်သတင်းစာ



ဆွေးနွေးဖလှယ်ခြင်း

## မြန်မာပညာတော်သင်ကျောင်းသား ပြည့်ဖြိုးအောင် ။ ။ ယူနန်၏အလှကို နက်ရှိုင်းစွာ လက်တွေ့ခံစားခြင်း

"မင်္ဂလာပါ၊ ဒိုင်နိုဆောကမ္ဘာကနေ ကြိုဆိုလိုက်ပါတယ်" ယူနန်ပြည်နယ် ချူရုံ ယီတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ခွဲမှ လုဖုန်းကမ္ဘာ့ဒိုင်နိုဆောလျှိုမြောင်တွင် ပေကျင်းနိုင်ငံခြားဘာသာတက္ကသိုလ်မှ မြန်မာပညာတော်သင်ကျောင်းသား ပြည့်ဖြိုးအောင်က အားမာန်အပြည့်ဖြင့် လူ့အသံကို အတုထည့်ထားသည့် ဒိုင်နိုဆောအရုပ်ဖြင့် စကားပြောနေပါသည်။

လုဖုန်းသည် ဒိုင်နိုဆောကြောင့် ကမ္ဘာတွင် နာမည်ကျော်ကြားခဲ့ပြီး "ကမ္ဘာ့ဒိုင်နိုဆောတို့မွေးရပ်မြေ" ဟု တင်စားကြပါသည်။ ၁၉၃၈ ခုနှစ်မှ ယနေ့အထိ ဤနေရာတွင် အတော်အသင့် ပြီးပြည့်စုံသော ဒိုင်နိုဆောအရိုးစု ကျောက်ဖြစ်ရုပ်ကြွင်း ၁၂၀ ခုကို တွေ့ရှိပြီးဖြစ်ကာ ပြန့်ကြဲနေသော ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းများမှာတော့ မရေတွက်နိုင်အောင် ရှိနေပါသည်။ "ဒါက ကျွန်တော် ပထမဆုံးအကြိမ် ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းကို တွေ့ဖူးတာပါ။ သူတို့ကြောင့် ဖြစ်လာတဲ့တုန်လှုပ်မှုက ကျွန်တော့်ကို လွန်ခဲ့တဲ့နှစ်သန်းပေါင်းများစွာက ကမ္ဘာကိုပြန်ရောက်သွားသလို ခံစားရစေပါတယ်"ဟု ပြည့်ဖြိုးအောင်က ပြောသည်။

ပြည့်ဖြိုးအောင် ပါဝင်ဆင်နွှဲသည်မှာ မကြာမီက ယူနန်ပြည်နယ်တွင် ကျင်းပခဲ့သည့် ပဥ္စမအကြိမ် လန်ချန်း-မဲခေါင် ရုပ်မြင်သံကြားရက်သတ္တပတ် အစီအစဉ်များထဲမှ တစ်ခုဖြစ်သည့် လူငယ်များ ဗီဒီယိုတိုဖန်တီးရိုက်ကူးမှုစခန်း ဖြစ်သည်။ ၎င်းလှုပ်ရှားမှု ကျင်းပသည့်ကာလအတွင်း ပြည့်ဖြိုးအောင်နှင့် လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်စသည့် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများမှ လူငယ် ဗီဒီယိုတိုဖန်တီးရိုက်ကူးသူများသည် ယူနန်ပြည်နယ် ကူမင်းမြို့၊ ချူရုံပြည်နယ်ခွဲနှင့် ဝင်ရှန်း ကျွမ့်၊ မြောင် တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲတို့သို့ သွားရောက်ကာ "ယူနန်လို့ခေါ်တဲ့ ဘဝနေထိုင်မှုတစ်မျိုးရှိတယ်" ကို လက်တွေ့ခံစားခဲ့ကြသည်။

ကမ္ဘာ့ဒိုင်နိုဆောလျှိုမြောင်တွင် နိုင်ငံအသီးသီးမှ လူငယ်များသည် အချိန်လိုက်ခေါင်းကြီးကို ဖြတ်သန်းသွား၍ ရှေးကျသောသမိုင်းဝင်ကဗျာစာအုပ်တစ်အုပ်ကို လှန်လှောလိုက်ရသကဲ့သို့ ခံစားကြရသည်။ ၎င်းတို့သည် ဒိုင်နိုဆောအရိုးစုကျောက်ဖြစ်ရုပ်ကြွင်းနှင့် ခေတ်ပုံတွဲရိုက်လိုစိတ်များ ပြင်းထန်နေကြပြီး ဤရှေးယခင်က တိရစ္ဆာန်ကြီးများ၏ ကြီးမားလှသော ကိုယ်ခန္ဓာကို အံ့သြဘနန်းဖြစ်နေကြသည်။ ရှေးခေတ်အခါက ဒိုင်နိုဆောများ၏ မြေပြင်ကို တုန်လှုပ်သွားစေသော ခြေသံများကို ကြားနေရသကဲ့သို့ ခံစားကြရသည်။

"ဒါက ကျွန်တော် ပထမဆုံးအကြိမ် ယူနန်ကိုရောက်လာတာပါ။ ချူရုံမှာ တစ်မူထူးခြားတဲ့ တိုင်းရင်းသား ဓလေ့ထုံးစံတွေကို ကျွန်တော်လက်တွေ့ခံစားခဲ့ရပါတယ်။ ပြီးတော့ ဒိုင်နိုဆောခေတ်ကိုလည်း ပြန်ရောက်သွားခဲ့ပါတယ်။ ဒီလိုမျိုး နက်ရှိုင်းတဲ့ လက်တွေ့ခံစားမှုမျိုးက အလွန်ကောင်းပါတယ်"ဟု မျက်နှာတွင် အပြုံးများဝေဆာလျက် ပြည့်ဖြိုးအောင်က ပြောသည်။

ဝင်ရှန်းပြည်နယ်ခွဲတွင် ပြည့်ဖြိုးအောင်နှင့် သူငယ်ချင်းများသည် နောက်ထပ်ရှုခင်းသာတစ်ခုကို တွေ့ရှိခဲ့ပြီး မတူညီသော တိုင်းရင်းသားယဉ်ကျေးမှုကို လက်တွေ့ခံစားခဲ့ကြရသည်။ တရုတ်နိုင်ငံ နိုင်ငံတော်အဆင့် 5A ရှုခင်းသာ ဖူဂျယ်ပေးတွင် အင်းအိုင် ၅၄ ခု ဆက်စပ်ပေါက်ရောက်နေကာ တရုတ်ဧက ၄၀၀၀၀ တွင် ပုံစံမျိုးစုံစွာ ပွင့်လန်းနေသော ကြာပွင့်များ၊ ကျွမ့် မြောင်၊ ယီ စသည့် တိုင်းရင်းသားများ၏ ဓလေ့ထုံးစံများသည် အသွေးအရောင်စုံလင်ကာ လှပနေပါသည်။ ရေကန်ထဲတွင် လှေများကို လှော်ခတ်ရင်း ဧကသောင်းချီသော ကြာပန်းများအကြား၌ "ရေစစ်တိုက်ခြင်း"ဖြင့် နိုင်ငံအသီးသီးမှ လူငယ်များသည် အေးမြသော "နွေရာသီ" ကို ခံစားခဲ့ရသည်။

"တစ်ကိုယ်လုံးအိုးမည်းသုတ်လို့ ဆုမွန်ကောင်းတွေပြည့်ပါစေ" ညချမ်းအခါတွင် ပြည့်ဖြိုးအောင်နှင့် သူငယ်ချင်းများသည် မီးပုံပွဲတွင် ဒေသခံ ယီတိုင်းရင်းသားတို့၏ အိုးမည်းသုတ် ဓလေ့ထုံးစံကို လက်တွေ့ခံစားခဲ့ကြသည်။ " ကျွန်တော်အသုတ်ခံရတာ တစ်ကိုယ်လုံးကို မည်းနေတာပဲ။ ဆုမွန်ကောင်းတွေအများကြီး ရသွားတယ်ဆိုတဲ့ သဘောပေါ့။ ကျွန်တော့်ရဲ့ ဒီတစ်ခေါက် ယူနန်ခရီးစဉ်ရဲ့ ကောင်းမွန်လှပတဲ့ အမှတ်တရလည်း ဖြစ်ပါတယ်"ဟု ပြည့်ဖြိုးအောင်က ပြောသည်။

"ယူနန်က ကောင်းမွန်လှပတဲ့ အမှတ်တရတွေကို မြန်မာနိုင်ငံ မိတ်ဆွေသူငယ်ချင်းတွေကိုလည်း ယူနန်ရဲ့ အလှအပတွေကို ခံစားရဖို့ အင်တာနက်မှာတင်ပြီး မိတ်ဆွေသူငယ်ချင်းတွေကို ဒီထူးခြားအံ့ဖွယ်ကောင်းတဲ့မြေပေါ်က တိုင်းရင်းသားယဉ်ကျေးမှုတွေကို လက်တွေ့ခံစားဖို့ ဖိတ်ခေါ်သွားမှာပါ"ဟု ပြည့်ဖြိုးအောင်က မျှော်လင့်မှုများ၊ လှိုက်လှဲမှုများ အပြည့်ဖြင့် ပြောသွားခဲ့ပါသည်။





